# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၄၁ /၂၀၁၆
ရက်စွဲ၊ ၂၀၁၆ - ခုနှစ်၊ နိုဝင်ဘာလ ( ၂၅ ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏(၂၁.၁၁.၂၀၁၆)ရက်နေ့စွဲပါ စာအမှတ်၊ ဆသ-၅/အပရ(Campana)/၂၀၁၆(၄၀၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ-ထိုင်း-မလေးရှား အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာကေဘယ် လုပ်ငန်းအတွက် မြန်မာနိုင်ငံကမ်းလွန်ရေကြောင်းနယ်နိမိတ် လမ်းကြောင်းများအတိုင်း ပင်လယ်ရေနက် ကြမ်းပြင်တစ်လျှောက်တွင် ဖိုင်ဘာကေဘယ်များ ချခင်းနိုင်ခြင်း ရှိ/ မရှိ သိရှိနိုင်ရန် Hydrographic Feasibility Study Survey တိုင်းတာရေး လုပ်ငန်းများကို Campana Mythic Co.,Ltd မှ (၂၅.၄.၂၀၁၆) ရက်နေ့မှ (၁၅.၅.၂၀၁၆) ရက်နေ့အထိ ဆောင်ရွက်ပြီး ဖြစ်သော်လည်း တိုင်းတာရေးလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ပူးတွဲပါ တိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့်နေရာများတွင် ထပ်မံ၍ (၁၇.၁၂.၂၀၁၆) ရက်နေ့မှ (၂၈.၂.၂၀၁၇) ရက်နေ့အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Campana Mythic Co., Ltd မှ မြန်မာ-ထိုင်း-မလေးရှား အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာကေဘယ်လုပ်ငန်းအတွက် မြန်မာနိုင်ငံကမ်းလွန် ရေကြောင်းနယ်နိမိတ် လမ်းကြောင်းတစ်လျှောက် Hydrographic Feasibility Study Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဥ်ကာလအတွင်း လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုကြပါရန်နှင့် အဆိုပါ လုပ်ငန်းခွင်အနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

25/11/16

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မြင့်ဦး- ညွှန်ကြားရေးမှူး(SSE)

<u>ဖြန့်ဝေခြင်း-</u>

၁။ တပ်မှူး၊ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ကမ်းနားလမ်း၊

၂။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊

၃။ မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊

၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊

၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း၊

၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ကမ်းလွန်ရေနံ၊
နေပြည်တော်၊

၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း၊

၉။ ဥက္ကဋ္ဌ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့၊

၁၀။ ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်း၊

၁၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊

၁၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊

၁၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊

၁၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့၊